myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 5, 2019 Volume 21, Number 5

**၅.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၀၄.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၈.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၂.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၅.၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၈.၆၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၆၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ခြောက်လအတွင်း ကျပ်ငွေတန်ဖိုး ဒုတိယအကြိမ်မြင့်တက်လာ ဗဟိုဘဏ်က ဒေါ်လာစုနစ်သန်းဝယ်ယူ



ပြည်တွင်းငွေကြေးဈေးကွက်တွင် ကျပ်ငွေနှင့်ဒေါ်လာ လဲလှယ်ရောင်းဝယ်မှု၌ ယခုနှစ် ခြောက်လအတွင်း ကျပ်ငွေတန်ဖိုး ဒုတိယအကြိမ်မြင့်တက်ပြီး ဒေါ်လာတန်ဖိုး အနည်းငယ်ကျဆင်းနေသည်။

ဇူလိုင် ၁ ရက်မှ ၄ ရက်အထိ ပြည်တွင်း ငွေကြေး ဈေးကွက်တွင် ဒေါ်လာ တန်ဖိုး ၁ ရာခိုင်နှုန်းခန့်ကျဆင်းပြီး ကျပ်ငွေတန်ဖိုးမာလာသည်။ ဇူလိုင် ၄ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၁၅၀၀ အထိကျဆင်းပြီး ညနေတွင် ၁၅၀၅ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းကလည်း ၁၅၀၆ ကျပ် သတ်မှတ်သည်။

ထို့အပြင် ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းသည့် ဇူလိုင်လဆန်း ၄ ရက်အတွင်း ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာစုနစ်သန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူခဲ့သည်။ ထို့အတူ ယွမ်ငွေတန်ဖိုး ကျပ်ငွေနှင့် လဲလှယ်ရာတွင် ကျဆင်းနေသည်။ ပြီးခဲ့သည့် ဇွန်လအတွင်း တစ်ယွမ်လျှင် ၂၂၈ ကျပ်ရှိ ရာမှ ဇူလိုင် ၄ ရက်တွင် ၂၁၈ ကျပ်ခန့်သို့ ကျဆင်းခဲ့သည်။

ကျပ်ငွေတန်ဖိုး တက်လာခြင်းသည် ပြည်တွင်းလှည့်လည်သုံးစွဲနေသော ကျပ်ငွေပမာဏလျော့နည်းခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ ငွေဝင်လာခြင်း၊ သွင်းကုန်ပမာဏလျော့ကျခြင်းကြောင့်ဖြစ်နိုင်ကြောင်း ပြည်ပဆန်တင်ပို့နေသည့် စီးပွားရေးလုပ်ငန်းရှင် ဦးမျိုးသူရအေးကပြောသည်။ အခြေအနေက ပြောရခက်တယ်။ ကမ္ဘာ့အခင်းအကျင်းကို စောင့်ကြည့်ရမယ်ဟု ပို့ကုန်၊ သွင်းကုန် စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကပြောသည်။ နိုင်ငံတကာ ငွေကြေး ဈေးကွက်တွင် ရွှေဈေးမြင့်တက်ပြီး ဒေါ်လာတန်ဖိုးကျဆင်းနေသည်ဟု ၎င်းက ဆိုသည်။ ၂၀၁၉ သင်္ကြန်ပွဲတော်အပြီး ရက်ပိုင်းအတွင်း ဒေါ်လာတန်ဖိုး အနိမ့်ဆုံး ကျပ် ၁၄၉၀ ခန့်သို့ ပထမအကြိမ်ကျပြီးနောက် ကျပ် ၁၅၄၀ ခန့်သို့ ပြန်လည်မြင့်တက်ခဲ့သည်။

**Source:** http://www.7daydaily.com/story/160321

## တရုတ်ကုမ္ပဏီ မြန်မာပြည်တွင် နွားမွေးမြူရေးလုပ်မည်



တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော Kangrui Agriculture Livestock Development ကုမ္ပဏီကို ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် နွားမွေးမြူရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကခွင့်ပြုလိုက်သည်။ Kangrui Agriculture Livestock Development ကိုတရုတ်နိုင်ငံမှ Shanghai Penghe Supply Chain Management ကုမ္ပဏီမှ ၉၀ ရာခိုင်နှုန်းနှင့် Dehong Penghe Agriculture Development ကုမ္ပဏီမှ ၁၀ ရာခိုင်နှုန်းပိုင်ဆိုင်သည်။

အဆိုပါကုမ္ပဏီသည် နွားမွေးမြူရောင်းချခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်အတွင်း လုပ်ကိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃၇ သန်းခန့် ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်သည်။ အခုခွင့်ပြုပေးလိုက်တဲ့လုပ်ငန်းကတော့ ဒီမှာမွေးမြူလုပ်ကိုင်ပြီး တရုတ်ပြည်ကို အဓိကတင်ပို့ရောင်းချသွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကဏ္ဍအနေနဲ့လည်း ထပ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုဝင်ဖို့ အလားအလာရှိတယ်ဆိုတာကို စီးပွား/ကူးသန်းဝန်ကြီးဌာနကနေ သိထားရပါတယ်ဟုရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ ယခုကုမ္ပဏီသည် နွားမွေးမြူရောင်းချခြင်း လုပ်ငန်းကဏ္ဍသို့ ပထမဦးဆုံးဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်းဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၇၊ အောက်တိုဘာတွင် ကျွဲ၊ နွားအရှင်များကို ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုပြီး နောက်ပိုင်းတွင် အဆိုပါကဏ္ဍသို့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရန် အခွင့်အလမ်းရှိလာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကျွဲ၊ နွားများကို မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ထိုင်းနိုင်ငံ CP Livestock ကုမ္ပဏီက ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်လုပ်ကိုင်မည့် မွေးမြူရေးလုပ်ငန်း သုံးခုကိုလည်း ခွင့်ပြုပေးခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၈ သန်းကျော်ရှိမည်ဖြစ်သည်။ CP Livestock သည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် မွေးမြူရေးလုပ်ငန်းတစ်ခု၊ မှော်ဘီမြို့နယ်တွင်အသားစားကြက်၊ ဥစားကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင်တိရစ္ဆာန်အစားအစာထုတ်လုပ်ဖြန့်ဖြူးရောင်းခြင်းလုပ်ငန်းတစ်ခုတို့လုပ်ကိုင်မည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/125199.html

## သရက်စျေးကွက်သွက်၊ စျေးဆက်တက်ဦးမည်မှန်း

ဒီနှစ် သရက်သီး စျေးကွက်ကတော့ တရုတ်ဘက်က ဆွဲတာများလို့ စျေးကောင်းနေတဲ့အပြင် ဒီထက်လည်း စျေးကနည်းနည်းဆက် တက်ဦးမယ်လို့ မူဆယ်မြို့ ခွာညိုသစ်သီးပွဲရုံက ဦးစိုင်းခင်မောင်ကပြောပါတယ်။ ဦးစိုင်းခင်မောင်က သရက်သီးက စျေးကောင်းရှိနေတုန်းပဲ၊ စျေးက နည်းနည်းဆက်တက်မယ် ၊ ဘာလို့ဆို ပစ္စည်းက ကုန်တော့မှာလေ၊ ဒီရက်ပိုင်းပြီးတော့မှာလို့ ပြောပါတယ်။

စိန်တလုံးသရက်အလတ် ၁၆ ကီလိုတစ်ခြင်းကို ယွမ် ၉၀ ကနေ ယွမ် ၁၁၀ ကြားရှိပြီး ဒီစျေးမှာပဲငြိမ်နေပါတယ်။ ရှယ်ဆိုရင်တော့ အရင်တစ်ပတ်က ယွမ် ၁၂၀ ကနေ ယွမ် ၁၆၀ ကြားမှာရှိပြီး၊ ဒီတစ်ပတ် မှာတော့ ယွမ် ၁၂၀ ကနေ ယွမ် ၁၇၀ ကြားရှိတယ်လို့ သိရပါတယ်။ အိတ်အလွတ် ၁၆ ကီလိုတစ်ခြင်းကို အရင်တစ်ပတ်က ယွမ် ၆၀ ကနေ ယွမ် ၈၀ ကြားမှာရှိပြီး၊ ဒီတစ်ပတ်မှာ အရင်စျေးအတိုင်းပဲရှိပါတယ်။ အသေးစတွေ ရှိရင်တော့ ယွမ် ၇၀ ကနေ ယွမ် ၈၀ ရှိပါတယ်။

ဦးစိုင်းခင်မောင်က“ရင်ကွဲက အိတ်မစွပ်တဲ့ဟာ အလွတ်တွေ ၊ အရောင်မလှတာတွေ စျေးမလိုက် ဘူး၊ တရုတ်ဘက်ကိုတင်တဲ့အခါကျတော့ ရောင်းတန်းမဝင်တော့ စျေးတင်ဖို့ကျ ခက်တယ်လို့ပြောပါတယ်။ သူကဆက်ပြီး ရင်ကွဲတွေကို အလွတ်ပို့မယ့်အစား အိတ်စွပ်ရင် အရည်အသွေးနဲ့တင်ရင် စျေးကောင်းနိုင်တာပေါ့၊ နောက်နှစ်အတွက်ပေါ့လေ၊ နောက်များမှာ

ရင်ကွဲလဲ အရည်အသွေးကောင်းမယ်ဆို ဒါမျိုးဈေးကောင်းလာတဲ့အခါကျ အိတ်မစွပ်ထားတော့ ဘာမှလုပ်လို့မရဘူး၊ အဲဒီလို အရည်အသွေးကောင်းအောင် ကြိုးစားလာရင်တော့ အခုလိုဈေးကောင်းတဲ့အချိန်မှာ ဈေးလိုက်လာ နိုင်တယ်လို့ ပြောပါတယ်။

**Source:** https://www.kumudranews.com/news-34208

## စားတော်ပဲတန်ချိန် ငါးသောင်းတင်သွင်းဖို့ညှိနှိုင်းနေ



ပြည်ပကနေ စားတော်ပဲ (Yellow Peas) တန်ချိန် ၅၀၀၀၀ တင်သွင်းဖို့ကို အခုချိန်မှာတော့ ညှိနှိုင်းဆွေးနွေးနေဆဲ အဆင့်ပဲ ရှိပါသေးတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်က နံပါတ်တစ် အချက်ကိုက ကိုတာသတ်မှတ်လိုက်မယ် ၅၀၀၀၀ ပေါ့၊ အချိန်ကာလ ကို ကန့်သတ်ထားတယ် တောင်သူတွေစိုက်တဲ့အချိန်မှာ ထိခိုက်မှု မရှိအောင်၊ နံပါတ်သုံးအချက် အခွန်မြင့်မလား အခွန်က မြင့်လို့မရဘူး၊ မြင့်လို့ မရလို့ရှိရင် နောက်ပိုင်းကိစ္စဖြစ်သွား မှာ၊ နောက်အကောက် အခွန် မဟုတ်တဲ့အတားအဆီးဆိုရင်လဲ ကိုယ့်နိုင်ငံက အဲလောက် အထိ ခတ်ခွဲခန်းတွေက ဖွံ့ဖြိုးမှုမရှိသေးဘူး၊ ဒါ့ကြောင့် ကိုတာနဲ့အချိန်ကာလနဲ့ကန့်သတ်ပြီး တင်သွင်းခွင့်ပြုဖို့ ညှိနှိုင်းဆွေးနွေးတဲ့အဆင့်ပါလို့ပြောပါတယ်။

စားတော်ပဲတင်သွင်းဖို့ကိစ္စနဲ့ ပတ်သက်ပြီး တောင်သူတွေ၊ပဲတင်သွင်းမယ့်ကုမ္ပဏီတွေ ပါဝင်တဲ့ အစည်းအဝေး ကို စီးပွားကူးသန်းက ပြီးခဲ့တဲ့ ဇွန်လ ၂၆ ရက်နေ့က ပြုလုပ်ခဲ့တယ်။ ဒီအစည်းအဝေးကနေ စားတော်ပဲ တန် ချိန် ၅၀၀၀၀ ပြည်ပကနေတင်သွင်းဖို့ ဆွေးနွေးချက်အနေနဲ့ရရှိခဲ့တာဖြစ်ပါတယ်။ အခုလို စားတော်ပဲတင်သွင်းဖို့ ကို ကုန်စည်ဒိုင်တချို့က ပြည်တွင်းရှိ ပဲစိုက်တောင်သူတွေနဲ့ပဲ ကုန်သည်တွေအပေါ် ထိခိုက်မှုရှိလာနိုင်ကြောင်း အနည်းစုသာ အကျိုးရှိမှာဖြစ်တဲ့ အတွက် ကန့်ကွက်မှုတွေလည်း ရှိနေတာပါ။ စားတော်ပဲ တင်သွင်းခွင့်ကို အိန္ဒိယနဲ့ ပဲကိစ္စဖြစ်တဲ့အချိန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်က ပြည်တွင်းမှာ ပဲလက်ကျန်တွေရှိနေတဲ့အတွက် ရပ်ဆိုင်းထားခဲ့တာဖြစ်ပါတယ်။ အခုမှ ပြန်လည် ခွင့်ပြုဖို့ စီစဉ်နေတာပါ။

ဒါပေမဲ့လည်း အခုလို မပိတ်ခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စားတော်ပဲကို ပြည်ပကနေ တန်ချိန် ၁၂၀,၀၀၀ ကျော် တင်သွင်းခဲ့ပြီး အိန္ဒိယပဲကိစ္စကြောင့် ရပ်ဆိုင်းလိုက်တဲ့အချိန်မှာလည်း တန်ချိန် ၉၀၀၀၀ လောက် အထိ တင်သွင်းပြီး ဖြစ်တယ်လို့သိရပါတယ်။ ဒါ့ကြောင့် အခုလို တန်ချိန် ၅၀၀၀၀ ကို ပြန်လည်တင်သွင်းခွင့်ပြုလိုက် ရင်လည်း ပြောင်းလဲ မှုတော့ ရှိလာနိုင်မှာမဟုတ်ဘူးလို့ဆိုပါတယ်။ အခုလို တင်သွင်းခွင့်ပြုလိုက်ရင် လက်ရှိပဲလက်ကျန်ရှိနေသေးတဲ့ တောင်သူ တွေ မထိခိုက်အောင် ပဲလက်ကျန်တွေကို တင်သွင်းမယ့် ကုမ္ပဏီတွေက ဝယ်ယူပေးဖို့ရှိနေပါတယ်။ တင်သွင်းတဲ့အချိန်မှာ လည်း ပြည်တွင်းကုလားပဲနဲ့ စားတော်ပဲစိုက်တောင်သူတွေအတွက် မျိုးနဲ့ပတ်သက်ပြီးပံ့ပိုးပေးဖို့လည်း အစိုးရဘက် ကို ဆွေးနွေးတင်ပြကြတယ်လို့သိရပါတယ်။

ဦးခင်မောင်လွင်က Yellow Peas က မြန်မာပြည်အရောက် တစ်တန်ကိုမှ ၅၅၀၀၀၀ လောက်ပဲရှိတယ် ဈေးက၊ စားတော်ပဲနေရာမှာ အစားထိုးသုံးတယ်၊ ကုလားပဲနဲ့လုပ်တဲ့လုပ်ငန်းတွေမှာသုံးတယ်၊ ကုလားပဲဈေးနှုန်း က တစ်တန်ကို ဒေါ်လာ ၆၀၀ လောက်ရှိတယ်၊ အခုသွင်းလာမယ့် Yellow Peas က တစ်တန်ကို ဒေါ်လာ ၃၂ ၀ ကျော်ပဲရှိတယ်လို့ ပြောပါတယ်။ တစ်ဖက်မှာလည်း တရားဝင်တင်သွင်းခွင့် ပြုလိုက်တဲ့အတွက် တရားမဝင် မှောင်ခိုတင်သွင်းနေတာတွေ အထိုက်အလျောက် ပပျောက်သွားနိုင်တယ်လို့ ဆိုပါတယ်။ အခုဆိုရင်စားတော်ပဲကို တရုတ်ဘက်က တစ်နေ့ကို တန်ချိန် ပျမ်းမျှတစ်ရာခန့် ဝင်ရောက်နေတယ်လို့သိရပြီး မြဝတီဘက်ကနေ ဝင်နေတာတွေလည်းရှိတယ် လို့သိရပါတယ်။ ကုန်စည်ဒိုင် တချို့ ကန့်ကွက်နေတဲ့အပေါ် ဦးခင်မောင်လွင်က အကြောင်းအရာတစ်ခု လုပ်တဲ့အပေါ်မှာတော့ ကြိုက်တဲ့သူလဲရှိမယ်၊ မကြိုက်တဲ့သူလဲရှိမယ် ၊ အများလား အနည်းလားဆိုတာတော့ ဒါတော့စဉ်းစားရမှာပေါ့၊ အများကြီးပေါ်မှာ ထိခိုက်မယ်ဆိုရင် တော့ ဘယ်အစိုးရမှမလုပ်ပါဘူးလို့ သုံးသပ်ပြောဆိုပါတယ်။

**Source:** https://www.kumudranews.com/news-34209

## တရုတ်လက်ဖက်ခြောက် မှောင်ခိုသွင်းနေမှုများ တားဆီးပေးရန်တောင်းဆို

တရုတ်နိုင်ငံမှ လက်ဖက်ခြောက်များ မှောင်ခိုသွင်းနေမှုကို တားဆီးပေးရန် လိုနေကြောင်း လက်ဖက် လုပ်ငန်းရှင်များ က တောင်းဆိုသည်။ လက်ရှိတွင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လက်ဖက်လုပ်ငန်းများမှာ ဈေးကွက်ပျောက်ခြင်း၊ စက်ရုံများ ပိတ်သိမ်းလာရခြင်းတို့နှင့် ယှဉ်ဆိုင်နေရသဖြင့် မှောင်ခိုတင်သွင်းမှုများကို တားဆီးပေးရန်လိုကြောင်း လက်ဖက် လုပ်ငန်းရှင်များထံကပြောသည်။ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးဝင်းကျော်က ကျနော်တို့က မှောင်ခို ဝင်ရောက်မှုတွေကို ဖမ်းဆီးအရေးယူမှုတွေ ပြုလုပ်စေချင်တာ၊ ဟန့်တားစေချင်တာ။ သိပါရက်နဲ့မလုပ်ပေးဘူး။ မှောင်ခိုက နေ့စဉ်ဝင်တာတော့မဟုတ်ဘူး၊ သူ့အချိန်နဲ့သူဝင်နေတာ။ အဲဒီတော့ ဒေသခံလုပ်ငန်းရှင်တွေ ဈေးကွက်ပျောက်လာတယ်ဟု ရောဝတီသို့ ပြောသည်။

ပြည်တွင်းသို့ မှောင်ခိုဝင်လာသည့် လက်ဖက်ခြောက် ပမာဏမှာ ၁ နှစ်လျှင် တန်ချိန် ၃ ထောင်ဝန်းကျင် ရှိကြောင်း ၎င်းက ပြောပြသည်။ ယင်းသို့ လက်ဖက်ခြောက်များ မှောင်ခိုဝင်ရောက်နေသည်မှာ နှစ်ပေါင်းကြာမြင့်ပြီ ဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် တနှစ်ထက် တနှစ် ပိုမို ဆိုးရွားလာသောကြောင့် လက်ရှိ အချိန်ထိ လက်ဖက် စက်ရုံ ၉၀ ခန့် ပိတ်သိမ်းခြင်းများ ရှိနေသည် ဟု လက်ဖက်စက်ရုံ ပိုင်ရှင်များထံက သိရသည်။ ထိုအခြေနေများနှင့် ပတ်သက်၍ ဒု သမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၂၈ ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြထားပြီး အစိုးရဘက်မှ ပြန်လည် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဟု အကြောင်းပြန် ခဲ့သည်ဟု ဦးဝင်းကျော်ကပြောသည်။ နည်းနည်းချင်း ဝင်တာကနေ ၂၀၁၀ ခုနှစ်စပြီး အခု ၂၀၁၉ ခုနှစ်ထိ အများအပြား အလုံးအရင်းနဲ့ဝင်ရောက်လာတယ်ဟု ၎င်းကဆိုသည်။ တရားဝင်တင်သွင်းပါက လက်ဖက်၏ အကောက်ခွန်မှာ၂၀ ရာခိုင်နှုန်း ဖြစ်ရာ၊ ၁နှစ်လျှင် လက်ဖက်မှောင်ခို ပျမ်းမျှတန်ချိန် ၃ ထောင် ဝင်ရောက်ပါက နိုင်ငံတော် ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၂၅၀၀ ဝန်းကျင်ခန့် နစ်နာ လျက် ရှိကြောင်း ဦးဝင်းကျော် က ရှင်းပြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက ကျနော်တို့ကတော့ တရားမဝင် ကုန်စည်တားဆီးရေးမှာ တိုက်ရိုက်ကြီးပါဝင်တာတော့မရှိဘူး။ လက်ဖက်ခြောက်ကိုတော့ တရားမဝင် တင်သွင်းတာမျိုးမရှိအောင် လိုင်စင်ထုတ်ပေးတဲ့ပိုင်းမှာသာ စိစစ်တာရှိတယ်။ ဝန်ကြီးဌာနအနေနှင့် တိုက်ရိုက်ကြီး တာဝန်ယူရတာမျိုးမရှိပါဘူးဟု ရောဝတီသို့ပြောသည်။ ယခင်အစိုးရလက်ထက်က တရားမဝင်ကုန်စည် ဖမ်းဆီးခြင်း လုပ်ငန်းများကို စီးပွား/ ကူးသန်းဝန်ကြီးဌာနမှ Mobile Team အဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးခြင်းများကို ဆောင်ရွက်ခဲ့သည်။ လက်ရှိ အစိုးရလက်ထက်တွင် စီးပွား/ကူးသန်း ဝန်ကြီးဌာန အပါအဝင် တိုင်းနှင့်ပြည်နယ်များ အလိုက် အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ အကောက်ခွန်ဦးစီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ရဲတပ်ဖွဲ့တို့မှ အဖွဲ့များဖွဲ့၍ အဓိကဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပလောင်လက်ဖက်အသင်း အတွင်းရေးမှူး ကိုဇော်ညွန့်က ဒေသခံ စီးပွားရေး လုပ်ငန်းတွေကို တော်တော်လေးကို ထိခိုက်မှုရှိပါတယ်။ ကျနော်တို့ လက်ဖက်စို၊ အခြောက် စက်ရုံမှာတင်ပဲ ရုံပေါင်း ၁၀၀ ကျော်မှာ ၁၂ ရုံ၊ ၁၃ ရုံလောက်ပဲ လည်ပတ်တော့တယ်။ ကျန်တဲ့ ရုံတွေကတော့ စို၊ ခြောက် မထုတ်လုပ်နိုင်တော့ဘူး။ တောင်သူတွေက လက်ဖက်စိုတွေ ထုတ်လုပ်လာတယ်။ အခုကျတော့ လက်ဖက်စိုက လိုအပ်တာထက် ထုတ်လုပ်မှုများတဲ့အတွက်ကြောင့် လက်ဖက်စိုဈေးကွက်လည်း နည်းလာတယ်ဟု ရာဝတီသို့ ပြောသည်။

ပြည်တွင်းလက်ဖက်အရည်အသွေးနှင့်ပတ်သက်၍လည်း နည်းပညာလိုအပ်ချက်များရှိနေသောကြောင့် အရောင်၊ အနံ့၊ အရသာနှင့် နှိုင်းယှဉ်လျှင် တရုတ်မှ ဝင်ရောက်သော လက်ဖက်နှင့် ကွာခြားမှုရှိကြောင်း ၎င်းကဆိုသည်။ လက်ဖက်စက်ရုံပိုင်ရှင်လည်းဖြစ်သူ ကိုဇော်ညွန့်က လောလောဆယ် လက်ဖက်ဈေးလည်းကျ၊ စက်ရုံတွေပိတ်နေတဲ့အတွက် ဒေသက လူတွေက ထိုင်း၊ တရုတ်၊ မလေးရှားတို့မှာသွားပြီးတော့ အလုပ်လုပ်နေရတာ တနှစ်ထက်တနှစ် ပိုများလာပါတယ်။ ကျနော်တို့ အခု ရွာမှာတွေဆိုရင် သက်ကြီးရွယ်အိုနဲ့ ကလေးမွေးခါစမိခင်တွေလောက်ပဲကျန်ပါတယ်။ လူလတ်ပိုင်းတွေဆိုရင် ထွက်ကုန်ပါပြီ။ ဒါကြောင့် အလုပ်သမားရှားပါးမှု ပြဿနာတွေဖြစ်လာတယ်ဟုပြောသည်။ ယင်းအပြင် တရုတ်မှ ဝင်ရောက်လာသော လက်ဖက်ခြောက်များမှာ အရည်အသွေးကောင်းကောင်းနှင့် တရားမဝင် ဝင်ရောက်သောကြောင့် ဈေးပေါပေါနှင့် ရောင်းချခြင်းသည် နည်းပညာနှင့် ထုပ်လုပ်၊ ထုပ်ပိုးမှုနည်းစနစ်များ လိုအပ်ချက်ရှိနေသော ပြည်တွင်းလုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်ရန်မှာလည်းများစွာ အားနည်းချက်များရှိနေကြောင်းသိရသည်။ Nara Green Team လုပ်ငန်းပိုင်ရှင် ကိုကျော်သီဟက အဓိကဝင်တာကတော့ အချိုခြောက်ဝင်တာ။ အဲဒီစက်ရုံက ပြည်တွင်းမှာ လက်ချိုးရေလို့ရတယ်။ တရုတ်ပြည်မှာက စက်ရုံပေါင်းရာနဲ့ချီရှိတယ်။ ကျနော်တို့ထက် ထုတ်လုပ်မှုက ၁၀ ဆ လောက်များနေတာပေါ့။ ဒါ နံပါတ် ၁ အချက်။ နံပါတ် ၂ အချက်က ဒီစက်ရုံတွေကို အစိုးရတွေက ပံ့ပိုးပေးတဲ့ ပုံစံချင်း အရမ်းကွာတယ်ဟုပြောသည်။

တရုတ်အစိုးရအနေနှင့် လက်ဖက်ခြောက်၊ အချိုခြောက် စက်ရုံများကို အခြေခံ အဆောက်အအုံပိုင်းများ ဆောင်ရွက်


ပေးခြင်းအပြင် လက်ဖက်ခြောက်ထုတ်လုပ်ရာတွင် လုပ်ကိုင်နိုင်ရန် ဓာတ်ငွေ့များကိုပါ ပံ့ပိုးပေးခြင်း၊ လုပ်ငန်းရှင်များ လိုအပ်သော ငွေကြေးပံ့ပိုးပေးခြင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန်လည်း လုပ်ဆောင်ပေးကြောင်းသိရသည်။ ကိုကျော်သီဟက ကျနော်တို့နိုင်ငံမှာ ဒါမျိုးအနေအထားမရှိဘူး။ လက်ရှိစက်ရုံတွေက မိုးတွင်းကာလဆိုရင် ထော်လာဂျီကားတွေနဲ့ သယ်ထုတ်ရတယ်။ လျှပ်စစ်မီးက မရှိတဲ့အခါကျတော့ သူတို့ ဒီဇယ်အင်ဂျင်တွေနဲ့မောင်းရတယ်။ နိုင်ငံတော်ရဲ့ကူညီပံ့ပိုးမှု၊ ဝန်ကြီးဌာနဆိုင်ရာ ကူညီပံ့ပိုးမှုအားနည်းတယ်။ ပြီးရင် ဈေးကွက်ကိုရှာဖွေထိုးဖောက်ပေးမှုမရှိဘူးဟု ရှင်းပြသည်။

လက်ရှိ မြန်မာနိုင်ငံတွင် မိရိုးဖလာ လက်ဖက်စိုက်ခင်းများဖြစ်ပြီး ၁ ဧကလျှင် လက်ဖက်အပင်ရေ ၂၅၀၀ နှင့် ၃၀၀၀ ကြားတွင် အများဆုံးစိုက်ကြကြောင်း၊ တရုတ်နိုင်ငံတွင်မူ တစ်ဧကလျှင် အပင်ရေအနည်းဆုံး ၈ ထောင်မှ ၁ သောင်းကျော်အထိ စိုက်ပျိုးကြကာ စိုက်ပျိုးမှု နည်းစနစ်များနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များလည်း ကွာခြားကြောင်းသိရသည်။ ယင်းအပြင် လက်ဖက်စိမ်း ခူးဆွတ်မှုကို နှိုင်းယှဉ်ရာတွင်လည်း ပြည်တွင်း လက်ဖက်ခြံ လုပ်ငန်းရှင်များက လက်နှင့် ခူးဆွတ် သောကြောင့် လုပ်အားခ ၁ ရက် ကျပ် ၁ သောင်းပေးရကာ ၁ ဦးလျှင် ပျမ်းမျှ ၁၅ ပိဿာ ခူးဆွတ်နိုင်ပြီး တရုတ်နိုင်ငံရှိ လက်ဖက်ခြံပိုင်ရှင်များသည် စက်နှင့်ခူးဆွတ်သောကြောင့် ထွက်ရှိမှုနှုန်းလည်း ပိုမိုများပြားကြောင်း လုပ်ငန်းရှင်များကဆိုသည်။ ကိုကျော်သီဟက တရုတ်နိုင်ငံမှ မဟုတ်ဘူး၊ လက်ဖက်စိုက်တဲ့ အိန္ဒိယ၊ တရုတ်၊ ထိုင်း ဒီနိုင်ငံတွေနဲ့ ကျနော်တို့က မယှဉ်နိုင်ဘူး။ ကျနော်တို့ ယှဉ်နိုင်တာ တခုကတော့ လက်ဖက်ပင်တွေသည် သဘာဝအတိုင်း စိုက်ပျိုးထားတာဖြစ်တယ်။ သူတို့ဆီကတော့ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတွေထည့်ပြီး စိုက်ပျိုးကြတာပဲရှိတယ်ဟုပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် လက်ဖက်ခြောက် ၁ ပိဿာ ကျပ် ၄၀၀၀ မှ ၄၅၀၀ ပေးရသည့် အချိန်တွင် ပြည်တွင်းလက်ဖက်ခြောက်မှာ ၁ ပိဿာ ၈၀၀၀ ကျပ်မှ ၁၀၀၀၀ အထိ ရောင်းချလျက်ရှိသည်။ လက်ဖက်အချိုခြောက်များကို ပြည်တွင်းရှိ တရုတ်ကုန်သည်များက အမှတ်တံဆိပ်မျိုးစုံဖြင့်ထုတ်လုပ်၍ ဈေးကွက်တွင်းသို့ရောင်းချနေပြီး တလလျှင် တန်ပေါင်းရာချီ၍ တင်သွင်းမှုများရှိကြောင်း လုပ်ငန်းရှင်များကပြောဆိုသည်။ သို့ဖြစ်၍ အစိုးရအနေနှင့် တရားမဝင်မှောင်ခိုဈေးကွက်ကို တာဆီးခြင်းအပြင် ဈေးကွက်ယှဉ်ပြိုင်မှုရှိစေရန်အတွက်လည်း ပြည်တွင်းလုပ်ငန်းရှင်များကို ချေးငွေများနှင့် နည်းပညာများပံ့ပိုးပေးသင့်ကြောင်း တောင်းဆိုမှုများလည်းရှိနေသည်။

**Source:** https://burma.irrawaddy.com/news/2019/07/04/197051.html

## တရုတ်သို့ ငရုတ်အစိုများ ဈေးနှုန်းအမြင့်ဖြင့် တင်ပို့မှုများရှိလာ





နှစ်စဉ် ပြည်တွင်းမှ တရုတ်နိုင်ငံဘက်သို့ အညှာခြွေ ငရုတ်များကိုသာ တင်ပို့မှုရှိခဲ့သော်လည်း ယခုနှစ်တွင် ငရုတ်သီး အစိုတင်ပို့မှုများလာသည်။ ဈေးနှုန်းမှာလည်း ပုံမှန်ဈေးနှုန်းထက် လေးဆဈေးမြင့်လာသဖြင့်ငရုတ်စိုက်သူများက အစိုအတိုင်း ရောင်းချ လာပြီးအခြောက်ခံမှုနည်းလာသည်။ သင်္ကြန်ရက်ဂန်းကျင်မှစ၍ မြစ်သား၊ ကျောက်ဆည်နယ်များတွင် ငရုတ်သီး အစိုဂယ်ယူမှုများလာသည်။ မြစ်သားမြို့နယ်၊ ကူမဲမြို့မှာပင် ငရုတ်သီးစိမ်းအဂယ် ပွဲရုံ ၂၀ ဂန်းကျင်ရှိပြီး တစ်ရက်လျှင် ပိဿာချိန် ၃၀၀၀ ဂန်းကျင်ရှိနေပြီး ငရုတ်သီးစိမ်း ဂယ်ဈေးမှာ တစ်ပိဿာ ကျပ် ၉၀၀၀ ဂန်းကျင် ရှိသည်ဟု သိရသည်။ ၎င်းငရုတ်သီးစိမ်းအစိုများကိုအအေးခန်းကားများဖြင့် တရုတ်နယ်စပ်သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယခုနှစ် သင်္ကြန်ရက် ဂန်းကျင်တွင် နယ်စပ်သို့ ငရုတ်သီးအစိုပို့သော အအေးခန်းကုန်ကားနှစ်စီးမှာ လမ်းခရီးတွင် သတ်မှတ်အအေးဓာတ်နှုန်း ပြည့်မီစွာမရသဖြင့် တစ်ဖက်နိုင်ငံကုန်ချကွင်းတွင် ကုန်ချချိန် ငရုတ်များ အရည်အသွေးကျဆင်းမှုရှိလာသဖြင့် ကုန်ကား ပိုင်ရှင်၊ တင်ပို့သည့်ကားဂိတ်မှ တာဂန်ရှိသူနှင့် ကုန်သည်တို့အကြား အပျက်အစီးအတွက် ညှိနှိုင်းခဲ့ကြရသည်။ ကျပ်သိန်း ၃၀ ဖြင့် တစ်စီး၊ ကျပ်သိန်း ၈၀ ဖြင့်တစ်စီး ကုန်ကားနှင့် ကားဂိတ်တို့မှ ပေးလျော်မှုရှိခဲ့သည်ဟု ၎င်းကာလ ကုန်ကား NGO

အသင်းဥက္ကဋ္ဌဖြစ်သူထံမှ သိရသည်။

ငရုတ် စိုက်ပျိုးရာတွင် ငရုတ်မျိုးစေ့ တစ်ထုပ်လျှင် ကျပ် ၄၅၀၀ နှုန်းဖြင့် ၁၀ထုပ်ဝန်းကျင် စိုက်ပျိုးရပြီး မြေဩဇာစသည့် ငရုတ်ထွက်နှုန်းကောင်းရန် ပိုးမွှားဆေးများသုံးစွဲရသည်။ ယခုနှစ်တွင် မိုးဦးနောက်ကျပြီး အပူချိန်မြင့်သဖြင့် ငရုတ်အထွက်ဆုတ်သည်ဟု ဝမ်းတွင်းမြို့နယ်၊ မြင်းကျကန်ကျေးရွာမှ ငရုတ်စိုက်ပျိုးသူ ဦးမြိုင်ကပြောသည်။ သို့သော် ငရုတ်စိုဈေးနှုန်းမှာ ပုံမှန်ကာလထက် လေးလဝန်းကျင် ဈေးမြင့်တက်လာသဖြင့် အကျိုးအမြတ် သင့်တင့်ရုံရရှိသည်ဟုပြောသည်။ မိုးစပါးစိုက်ပျိုးရန် အချိန်ကျသဖြင့် ငရုတ်ခင်းဖျက်သူ များလာသော်လည်း အခင်းမဖျက်ရသေးသူများအနေဖြင့် မိုးကြောင့် ငရုတ်သီးကင်းများ ပွင့်လာသည်ကို မြင်တွေ့ရသည်။ ၎င်းဒေသတွင် ငရုတ်စိုတစ်တင်းလျှင် ကျပ် ၆၀၀၀ ဝန်းကျင် ဝယ်ယူမှုရှိသည်။ အခြောက်လှန်းလျှင် ငရုတ်ခြောက် သုံးပိဿာဝန်းကျင်သာရရှိရာ ငရုတ်ခြောက်တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင်ကျသင့်မည်ဖြစ်သည်။ သို့သော် ရန်ကုန်ဈေးကွက်တွင် မိုးထောင်ငရုတ် လက်ကားတစ်ပိဿာ ကျပ် ၆၀၀၀ အထိသာ ယခုလပိုင်းဈေးမြင့်တက်ခဲ့သည်။ သို့ဖြစ်ရာ မြစ်သား၊ ဝမ်းတွင်း၊ ကျောက်ဆည် ဒေသများတွင် ငရုတ်များထွက်ပေါ်လာချိန် အခြောက်လှန်းခြင်းထက် အစိုအတိုင်းသာ ရောင်းချခြင်းက တွက်ခြေကိုက်သည်ဟု ၎င်းဒေသမှ ငရုတ်စိုက်သူအချို့ကပြောသည်။ ပုံမှန် မိုးထောင်ငရုတ်အသစ်များ ထွက်ပေါ်သည့်အချိန် ငရုတ်အစိုအတိုင်းသာ ရောင်းချကြပြီး အခြောက်လှန်းသူနည်းသဖြင့် ပြည်တွင်းဈေးကွက်တွင် မိုးထောင်ငရုတ်အသစ် ဝင်ရောက်မှုနည်းလာသည်။

ထိုသို့သော အခြေအနေအရ ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်တွင် ဒီမို မိုးထောင်ငရုတ် လက်ကား တစ်ပိဿာ ကျပ် ၃၇၀၀-၃၇၅၀၊ လေးအိမ်စုမိုးထောင် ကျပ် ၃၈၀၀ နှုန်းသာ ရှိရာမှ ဈေးနှုန်းများ မြင့်တက်လာရာ ဇွန်လ ၈ ရက်တွင် ဒီမို မိုးထောင် လက်ကား တစ်ပိဿာကျပ် ၅၈၀၀၊ လေးအိမ်စု မိုးထောင် ကျပ် ၆၀၀၀ နှုန်းအထိ ရန်ကုန် ငရုတ်ဈေးကွက်တွင် မြင့်တက်လာသည်။ မိုးထောင်ငရုတ်ဈေး မြင့်တက်လာခြင်းနှင့်အတူ အိန္ဒိယငရုတ်ရှည်သည် မေလ ၇ ရက်တွင် လက်ကား တစ်ပိဿာ ကျပ် ၄၂၅၀၊ ပန်းတနော် ငရုတ်ရှည်သည်ကျပ် ၃၃၅၀ နှုန်းရှိရာမှ ဇွန်လ ၈ ရက်တွင် အိန္ဒိယ ငရုတ်ရှည် ကျပ် ၄၈၀၀-၄၉၀၀၊ ပန်းတနော် ငရုတ်ရှည် ကျပ် ၄၇၀၀ နှုန်းသို့ အသီးသီးဈေးနှုန်းမြင့်တက်လာသည်။ ထိုသို့ ရန်ကုန်ဈေးကွက်တွင် ငရုတ်ဈေးနှုန်းများ မြင့်တက်လာချိန် ပြည်ပမှငရုတ်များ တရားဝင်တင်သွင်းရန် သက်ဆိုင်ရာသို့ တင်ပြမှုများရှိလာသည့် သတင်းများထွက်ပေါ်လာသည်။ သို့သော် ပြည်ပမှငရုတ်များ ပြည်တွင်းသို့တရားဝင်တင်သွင်းခြင်း မရှိသေးသော်လည်း ဇွန်လနောက်ဆုံးပတ်အစပိုင်းမှစ၍ ရန်ကုန်ငရုတ်ဈေးကွက်တွင် ငရုတ်ဈေးနှုန်းများသိသာစွာ ကျဆင်းလာသည်ကို မြင်တွေ့ရသည်။ ဈေးနှုန်းအနိမ့်ဖြင့် အအေးခန်းများတွင် ထည့်သွင်းသိုလှောင်ထားသော အအေးခန်း ငရုတ်များ ရန်ကုန်ဈေးကွက်သို့ ရောင်းချမှုများလာသဖြင့် ဈေးနှုန်းကျရခြင်းဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံ စိန်ပန်းလမ်း ငရုတ်နှင့် မန်ကျည်းပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဦးလှဟန်ထံမှသိရသည်။

လအနည်းငယ်အတွင်း မိုးထောင် ငရုတ်တစ်ပိဿာ ကျပ် ၂၀၀၀၊ မြစ်ဝကျွန်းပေါ်ငရုတ်ရှည် ကျပ် ၁၃၀၀၊ အိန္ဒိယ ငရုတ်ရှည် ကျပ် ၆၀၀ ဝန်းကျင်ဈေးမြင့်တက်လာသည်။ ထိုသို့ ဈေးနှုန်းမြင့်တက်ချိန် အကျိုးအမြတ်ရယူထားရန် အအေးခန်းတွင် ငရုတ်လှောင်သူ အများစုဈေးကွက်သို့ ထုတ်ရောင်းခြင်းများရှိလာသည်။ ရန်ကုန်မြို့တွင် ငရုတ်လုပ်ငန်း အကြီးစား လုပ်ကိုင်နေသူအချို့တွင် ငရုတ်လှောင်အအေးခန်းများကိုယ်ပိုင်ရှိသည်။ ၎င်းအအေးခန်းများအပြင် ပြင်ပ အအေးခန်းအချို့ရှိရာ ငရုတ်တစ်ပိဿာလျှင် ယခင်နှစ်ကာလများတွင် တစ်လလျှင် အအေးခန်းထားသိုခ ကျပ် ၅၀ ရှိခဲ့ရာမှ ကျပ် ၆၀ ဝန်းကျင် ဈေးတက်လာပြီး ယခုနှစ်တွင် ၇၅ ကျပ် နှုန်းဝန်းကျင်သို့အအေးခန်းထားသိုခ ဈေးနှုန်းမြင့်တက်လာသည်။ အအေးခန်းအတွင်း ငရုတ်ထည့်ရာတွင် လက်ရွေးစင်များသာ ထည့်တတ်သော်လည်း ယခုနှစ်တွင် အဆင့်မမီ ငရုတ်အချို့ ထည့်သွင်းထားခြင်း၊ အအေးဓာတ် လုံလောက်စွာပေးနိုင်သည့် ငရုတ်သိုလှောင် ပမာဏထက် အနည်းငယ်ပိုမိုထည့်သွင်းခြင်းများရှိလာရာ အချို့သော ငရုတ်များ အအေးခန်းမှထုတ်ရာတွင် ပုံမှန်ကဲ့သို့ မဟုတ်ဘဲ အရည်အသွေး ကျဆင်းမှုအချို့ မြင်တွေ့လာရသည်။ သို့ဖြစ်ရာ ရန်ကုန်ငရုတ်ဈေးကွက်တွင် အအေးခန်း ငရုတ်များ ဝယ်ယူရာတွင် ယခုလပိုင်းတွင် သတိထားရွေးချယ် ဝယ်ယူနေရသည်ဟု နယ်ပို့အဝယ်တော် လောကမှ ပြောဆိုမှုများရှိလာသည်။ တရုတ်သို့ ငရုတ်အစိုများ ဈေးနှုန်းအမြင့်ဖြင့် တင်ပို့မှုများရှိလာ၍ ပြည်တွင်းငရုတ်ဈေးကွက်တွင် ငရုတ်ဈေးနှုန်းများမြင့်တက်လာရာ ပြည်ပကတင်သွင်းလာသော အိန္ဒိယငရုတ်ရှည်မှာ မိုးထောင်ငရုတ်၊ ပြည်တွင်းငရုတ်ရှည် ဈေးနှုန်းများ မြင့်တက်လာသည့်နှုန်းထက်နည်းနေသည်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် အိန္ဒိယငရုတ်ရှည်သည် လက်ကားတစ် ပိဿာ ကျပ် ၅၅၀၀ ထိ ဈေးနှုန်းမြင့်တက်ချိန် မိုးထောင်ငရုတ်တစ်ပိဿာ ကျပ် ၃၄၀၀၊ ကျောက်ရဲငရုတ်ရှည် တစ်ပိဿာကျပ် ၄၈၀၀ နှုန်းအထိသာ

ဈေးနှုန်းရှိခဲ့သည်။ ပြည်တွင်း ငရုတ်ဈေးကွက်တွင် ထုပ်ပိုးမှုအားနည်းခြင်း၊ ငရုတ်ဝယ်ယူရာ၌ အလယ်တွင် ငရုတ်အစေ့များ ထည့်သွင်းတတ်၍ ငရုတ်အိတ်များကို ဘေးတိုက်အိတ် အလယ်မှခွဲကာ အိတ်အတွင်း နမူနာနှိုက်ယူပြီး ငရုတ်စေ့နှင့် အညှာတံပါဝင်မှု အခြေအနေကို ကြည့်ရှုပြီးမှ ဝယ်၊ မဝယ်ဆုံးဖြတ်ခဲ့ရသည်။ ငရုတ်အိတ်ခွံ ဂုန်နီအိတ် အထူ၊အပါးကိုလည်း ကြည့်ပြီး ဆုံးဖြတ်ရသည်။သို့သော် ပြည်ပကဝင်ရောက်လာသော အိန္ဒိယငရုတ်ရှည်များသည် အလေးချိန်နည်းသော ခြောက်ပိဿာဝင်အိတ်ခွံအပါးများဖြင့် ထည့်သွင်းလာပြီး ငရုတ်စေ့များအိတ်တွင်းမပါဟုသိရသည်။ ငရုတ်အရည်အသွေးနှင့် အရောင်အဆင်းမှာ အအေးခန်းသွင်း ငရုတ်များအတိုင်းရှိသည်။ သို့ဖြစ်ရာ ပြည်တွင်းငရုတ်ဈေးကွက်အတွင်း အိန္ဒိယငရုတ်ရှည်များသည် ဈေးကွက်ဝေစုအများဆုံးရရှိထားကာ ပြည်တွင်းစိုက်ပျိုးထွက်ရှိသော ငရုတ်ရှည်များထက် ဈေးနှုန်းပိုမိုမြင့်နေဆဲရှိသည်။ အိန္ဒိယအပြင် ဗီယက်နမ်၊ တရုတ်ငရုတ်များသည် ပြည်တွင်း ငရုတ်ဈေးကွက်သို့ ဝင်ရောက်နေသော်လည်း အိန္ဒိယငရုတ်ဈေးကွက်အတွင်း ရောင်းချနေရမှုထက် များစွာနည်းနေသည်။

ငရုတ်သိမ်းစိမ်းမှာ ဈေးနှုန်းမြင့်တက်လာရာ ကျောက်စိမ်းငရုတ်သီးစိမ်း တစ်ပိဿာ ကျပ် ၂၀၀၀၊ မိုးမျှော်ပီနံ ငရုတ်သီးစိမ်းအစစ် တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ပီနံ ငရုတ်သီးစိမ်းအတု တစ်ပိဿာ ကျပ် ၅၀၀၀နှုန်းရှိသည်ဟု သိရသည်။တရုတ်မှ အညှာခြွေငရုတ်အစား ငရုတ်သီးစိမ်းအစို ဝယ်ယူမှုပြောင်းလဲလာသော ၂၀၁၉ ခုနှစ်တွင် ငရုတ်အစိုဈေးနှုန်းပုံမှန်ဈေးထက် လေးဆတက်လာ၍ အခြောက်လှန်းမှုနည်းသည့်အတွက် ပြည်တွင်း ငရုတ်ဈေးကွက်တွင် ငရုတ်ခြောက် ဈေးနှုန်းများ မြင့်တက်လာသည်။ ၎င်းအခြေအနေတွင် အအေးခန်းငရုတ်များ ဈေးကွက်အတွင်း အချိန်စောထုတ်ရောင်းချလာ၍ ငရုတ်အခြောက်ဈေးနှုန်း စတင်ကျဆင်းလာသည်။ ငရုတ်ဈေးမြင့်၍ ငရုတ်ပိုမိုစိုက်ပျိုးလာနိုင်ပြီး တရုတ်မှ ငရုတ်အစိုဝယ်ယူနေသည့် ကာလနှင့်ပမာဏ၊ ပြည်တွင်းထွက် ငရုတ်မျိုးစုံစိုက်ပျိုးထွက်ရှိလာမှုတို့ အပေါ်မူတည်၍ ငရုတ်ဈေးထပ်မံမြင့်တက်လာရန် အလားအလာနည်းသည်။ ငရုတ်ဈေးမြင့်၍ စားသုံးမှုလျော့ကျလာခြင်းနှင့်အတူ ဈေးကွက်အတွင်း ပြည်တွင်းငရုတ်ဝယ်လိုအား လျော့ကျလာနေဆဲရှိသည်ဟု ရန်ကုန်ငရုတ်ဈေးကွက်မှသိရသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2329722013808638?__tn__=K-R

## မန္တလေးဆန်ဈေးကွက်အတွင်း ဆန်ကြမ်းဈေးများမြင့်တက်လာ

ယခုရက်ပိုင်း မန္တလေးဆန်ဈေးကွက်အတွင်း၌ ဆန်ကြမ်းဈေးနှုန်းများ အနည်းငယ်မြင့်တက်လာနေကြောင်း မန္တလေးမြို့ ဆန်ကုန်သည်များထံမှသိရသည်။ မန္တလေးမြို့တွင် ဆန်ကြမ်းဈေးနှုန်းများမြင့်လာရခြင်းမှာ ပြီးခဲ့သည့် ဖွန်လအတွင်းက ရန်ကုန်ဆန်ဈေးကွက်၌ဈေးနှုန်းများ မြင့်တက်လာသည့်အတွက်ကြောင့်ဖြစ်ကြောင်း ကုန်သည်များကဆိုသည်။ ဆန်အမျိုးအစားအားလုံး ဆန်ကြမ်းဈေးတက်လာတယ်လို့ပြောလို့ရတယ်။ ပေါ်ဆန်းပဲမတက်တာ။ ကျန်တဲ့ ဆန် အကုန်တက်လာတယ်။ ဈေးကအများကြီးတော့ မတက်ပါဘူး။ ၅၀၀ နဲ့ ၁၀၀၀ လောက်ပဲ တက်လာတယ်ဟု မန္တလေးမြို့မှ ဆန်ကုန်သည် ဦးသန်းဝင်းကပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှဆန်များ ဈေးကွက်ထဲသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ဆန်ကြမ်းဈေးနှုန်းများပါ မြင့်တက်လာနေသည့်အတွက် ဆန်အရောင်းအဝယ်မှာ အနည်းငယ်အေးနေကြောင်းသိရသည်။ တောင်ပေါ်ဒေသတွေကလည်း အခုရာသီဥတုကြောင့် ဆန်အရောင်းအဝယ်မရှိတော့ မန္တလေးဆန်ဈေးကွက်မှာ အေးနေတယ်။ မကြာခင်တော့ တောင်ပေါ်လမ်းကြောင်းပွင့်လာရင် ဆန်အရောင်းအဝယ်ပြန်ဖြစ်လာနိုင်တယ်ဟု ဆန်ကုန်သည်ဦးအောင်လွင်ကပြောသည်။

ယနေ့ မန္တလေးဆန်ဈေးကွက်တွင် လက်ရှိဆန်ဈေးနှုန်းများမှာ (ပွဲရုံဈေး/တစ်တင်းခွဲအိတ်) ဆန် တစ်အိတ်လျှင် ရွှေဘိုဘေးကြားပေါ်ဆန်း ၄၆,၀၀၀ မှ ၅၂၀၀၀ ကျပ်၊ ရန်ကုန်ပေါ်ဆန်း ၄၀၀၀၀ မှ ၄၄၀၀၀ ကျပ်၊ ပေါ်ကျွဲ ၃၀,၀၀၀ မှ ၃၂၀၀၀ ကျပ်၊ ကောက်ညှင်း(အသွယ်) ၅၄၀၀၀ မှ ၅၆၀၀၀ ကျပ်၊ မဂျမ်းတော ၄၁,၀၀၀ မှ ၄၂၀၀၀ ကျပ်၊ နွေဇီယာ ၄၁၀၀၀ မှ ၄၂၅၀၀ ကျပ်၊ အညာသား ၂၄၀၀၀ မှ ၂၅၀၀၀ ကျပ်၊ မြီးကောက် ၂၇၀၀၀ မှ ၂၈၀၀၀ ကျပ် ဈေးများဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/?_ga=2.241167683.1724819689.1547105062-925020387. 1547105062

**Myanmar Productivity Center opens up**

The Myanmar Productivity Center (MPC) was established on June 22. Indeed, the Ministry of Industry strives to foster human capital development and raise productivity for SMEs. "Towards a Better Economy" as says the motto – the MPC wants to lay a robust foundation for the productivity of local industries. It also plans on creating a more stable economic environment. The Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) and Japan Productivity Center provided assistance in its establishment. Additionally, part of the funding came from the ASEAN Integration Fund. U Aung Kyi Soe, UMFCCI's general secretary, emphasised the economic benefits of moving up the value chain. As a matter of fact, local products could substitute imported goods in the long run. Likewise, it will support local producers. The MPC will encourage technology-sharing and networking events. It also intends to improve skills and productivity for both managers and employees.

**Collected tax surge for fiscal year 2018-2019**

For the first eight month of fiscal year 2018-2019, the government collected over MMK 4 trillion from tax revenues. This is a MMK 100 Billion increase on a year-to-year basis. The revenue collection comes from income and commercial tax. But also taxes on stamps and lottery. Income tax stands as the major source of revenue – MMK 1.67 trillion. In the second place comes commercial tax at MMK 1.35 trillion, followed by MMK 130 billion for stamps and lotteries. The surge stems from an important effort from the government of Myanmar to im-prove its taxation system. Likewise, the government intends to set out a better macroeconomic framework for the country's economy. In addition, the govern-ment encourages its citizens to comply with tax payments as part of their duty as responsible citizens. It implies a carrot and stick approach and awareness-raising campaigns.

TIR

**Nippon takes stake in Myanmar insurer**

Nippon Life Insurance has announced it will take a 35 percent stake in Myanmar's Grand Guardian Life Insurance Company (GGLI) in a deal worth USD 21 million. According to a report in Dealstreet Asia, the deal is expected to be completed by October this year. Grand Guardian would be renamed Grand Guardian Nippon Life Insurance. "While the life insurance market in Myanmar is still in an early stage of development with private insurers granted licenses in 2013, with attractive demographics and solid economic development, high growth rate of the life insurance market can be expected over the long term," Nippon Life said in a statement. The move is the latest sign of progress in Myanmar's nascent insurance market. Earlier this year, the Ministry of Planning and Finance established a list of Preferred Applicants for Foreign Life Insurance Licenses. This will allow the firms to operate as 100 percent wholly-owned subsidiaries of their parent companies.

**Mottama Development opens property gallery**

Mottama Development Group Co., a leading developer in Myanmar, celebrates the grand opening of its new Property Gallery in Yangon. The event launches the company's latest development projects. The new property gallery will serve as a hub for investors and potential buyers to learn more about the upcoming properties. The projects are claimed to be sustainable and premium quality, with unique architectural

designs and superior high-rise steel-structures. Mottama Development Group's Chairman, U Yang Ho said, "we hope that our developments will help elevate and modernize quality of life in Yangon, at the same time create jobs, enhance skills and wages, while giving consumers more quality choices. Our vision is to use innovation to cultivate a 21st century workforce that not only works towards the growth of the company but also moves the whole industry and country forward. We want to foster economic development that provides better lives and opportunities for the citizens of Myanmar". The major projects underway include: M Tower, a premium office tower located in prime high-traffic location: between the Hledan Junction and Pyay Road, Terminal M Mall, a leisure mall accessible to major roads and bus terminals and Myanmar Aquarium in Kandawgyi near Shwedagon Pagoda, Harbour Trade Tower near Yangon port and HL Tower near the Airport.

Source: Thura Swiss News (Issue 372 Jul 04, 2019)

## STOCK EXCHANGE (5.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 1,085 | 11,635,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 6,087 | 20,205,500 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,800 | 7,800 | 7,800 | 19 | 148,200 | 10,400,986 | 81,128 |
| FPB | 00004 | 24,500 | +1,000 | +4.26% | 24,500 | 24,500 | 24,500 | 1 | 24,500 | 2,472,053 | 60,565 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 249 | 709,950 | 12,212,906 | 34,807 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.90 | -8.79 | -1.99% | 440.69 | 443.71 | 431.90 | 7,441 | 32,723,150 | 5 | 589,650 |

**Index chart**



# Market Overview

As of 12:00 pm, 5th Jul. 2019

| MYANPIX | 442.28 ▲ 1.59 |
| --- | --- |
| Total Volume (shares) | 5,879 |
| Total Value (MMK) | 23 mil |
| Listed Company | 5 |
| Market Cap. (MMK) | 603,816 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 24,500 | ▲ 1,000 |
| TMH | 00005 | 2,900 | ▲ 50 |

TIR